dvbdebate.com facebook.com/dvb.debateTwitter@dvbdebate

**DVB TV timetable**

| | | | |
|---|---|---|---|
| **Sun** | 19:15 | 21:00 | night repeat |
| **Mon** | 10:15 | 15:15 | 21:00 |
| **Wed** | 10:15 | 15:15 | 21:00 |
| **Fri** | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ်ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ်စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

*"What is the impact of New Nationalism?"*

ဖြစ်ပါတယ်။

- မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၂၉၂၇၄၃ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

**ဒီတစ်ပတ်မှာတော့ ``အမျိုးသားရေးဝါဒနဲ့ မျက်မှောက်မြန်မာ့နိုင်ငံရေး`` ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။**

၂၀၁၂ က ပြည်နယ်တစ်ခုကနေ ပေါ်ပေါက်လာခဲ့တဲ့ ပဋိပက္ခဖြစ်စဉ်တစ်ခုဟာ ဒီကနေ့မှာတော့ နိုင်ငံအတွင်းသာမက ပြည်ပကပါ အာရုံစူးစိုက်မှုရှိလာတဲ့ ဖြစ်ရပ်တစ်ခုအဖြစ် ရောက်ရှိလာခဲ့ပါပြီ။

အဲဒီအဖြစ်အပျက်နောက်ပိုင်း ဂိုဏ်ဝါဒတွေ ကွဲပြားခဲ့တာကလည်း ပြဿနာဖြစ်စေခဲ့ပြီး ဆုံးဖြတ်၊ သုံးသပ်မှုတွေကလည်း ဒွိဟဖြစ်စရာမို့ အမှန်တရားက ဘာလဲဆိုတာကို ဒီနေ့အထိ မှန့်လုံးစက္ကူ ကပ်ထားသလို ဖြစ်နေပါတယ်။

လူ့အခွင့်အရေးစံကို ကိုင်စွဲသူနဲ့ အမျိုးသားရေးဝါဒီတို့အကြား ရင်ကြားစေ့ရေးမှာ တစ်နေ့တခြား ပိုပြီး တိမ်းစောင်းလာခဲ့ရာမှ အမြင်ကျဉ်းတဲ့ အမျိုးသားရေးဝါဒတစ်ရပ် ပေါ်ထွက်လာမှာကို စိုးရိမ်သူတွေ၊ အကြမ်းဖက်မှုစွက်တဲ့ အမျိုးသားရေးအစွန်းရောက်ဝါဒဘက် ဦးတည်သွားမှာကို မလိုလားသူတွေနဲ့ ဗုဒ္ဓဘာသာမြန်မာတွေရဲ့ပုံရိပ် ညစ်ထေးစေမှာကို ကြောင့်ကြကြသူတွေ ရှိလာခဲ့ပါတယ်။

၂၀၁၂ ဇွန် ၁ ထုတ် ကမ္ဘာကျော် တိုင်းမ်မဂ္ဂဇင်းက ဦးဝီရသူပုံကို  စာအုပ်မျက်နှာဖုံးမှာ သုံးပြီး ``ဗုဒ္ဓဘာသာ အကြမ်းဖက်သမား ပုံရိပ်လွှာ´´ (The Face Of Buddhist Terror) လို့ ဖော်ပြခဲ့တာကြောင့် ဗုဒ္ဓဘာသာဝင် မြန်မာပြည်သူတို့ စိတ်နလုံး ညှိုးနွမ်းခဲ့ရပါတယ်။

မျိုးစောင့်ဥပဒေဟာ ဓားမဟုတ်၊ ဒိုင်းသာဖြစ်တယ်လို့ ခံယူထားသူနဲ့ မခံယူသူတွေကြား တစ်ဖက်နဲ့ တစ်ဖက် အပြန်အလှန် စိုးရိမ်မှုရေချိန် မြင့်မားမှုတွေ ဖြစ်တည်လာခဲ့ပါတယ်။

တိုင်းရင်းသား ၁၃၅ မျိုး၊ ဘာသာပေါင်းစုံ နေထိုင်ကြတဲ့ မြန်မာပြည်မှာ သမ္မတဦးသိန်းစိန်အစိုးရ လက်ထက် ပြုပြင်ပြောင်းလဲမှုတွေအတွက် Transactional Period အပြောင်းအလဲကာလမှာ အာဏာရှင်အစိုးရတွေ အဆက်ဆက်ရဲ့ အနှစ်နှစ်အလလ ဆိုးကျိုးကို ဆက်တိုက် လိုမ့်ခံနေရ ပါတယ်။

ဒီကနေ့မှာတော့ မျက်မှောက်မြန်မာ့နိုင်ငံရေးက တောင်းဆိုနေတဲ့ ၂၀၀၈ အခြေခံဥပဒေ ပြင်ဆင်ရေး၊ ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီရေး ဆောင်ရွက်ချက်တွေထက်ကျော်ပြီး အမျိုးသားရေးကို ဘယ်လောက်အထိ အာရုံစိုက်ကြမလဲ ဆိုတာကို ဒီကနေ့ ဒီဘိတ်မှာ ဆွေးနွေး ငြင်းခုံ အဖြေရှာကြည့်ကြမှာ ဖြစ်ပါတယ်။

တစ်ချိန်တည်းမှာ အာဆီယံလို့ ခေါ်ပြီး ဒေသတွင်းအထိ တိုးဝင်ဖို့ ကြိုးစားနေတာတွေ၊ ကမ္ဘာလုံးဆိုင်ရာဝင်ဆံ့ရေးဆိုတဲ့ ဂလိုဘယ်လိုက်ဖေးရှင်းခေတ်မှာ မြန်မာတွေအားလုံးအတွက် ``အမျိုးသားရေးဝါဒနဲ့ မျက်မှောက်မြန်မာ့နိုင်ငံရေး´´ DVB Debate ကို မန္တလေးအထူးအစီ အစဉ်အဖြစ် ရိုက်ကူး တင်ဆက်မှာ ဖြစ်ပါတယ်။

## သူတို့အမြင်

``သံဃာတော်တွေက ငြိမ်းချမ်းရေးဖော်ဆောင်သူ (Peace Maker) များ ဖြစ်သင့်တယ်၊ ဆူပူမှုတွေကို လှုံ့ဆော်သူတွေတော့  မဖြစ်သင့်ဘူး၊ သူများတိုက်ပေးတိုင်း ၊မြှောက်ပေးတိုင်း ဒေါသမထွက်ကြဖို့ ပန်ကြားလိုပါတယ်´´
**သီတဂူဆရာတော် အရှင်ဉာဏိဿရ။**

``ဘာသာရေးဖောင်းပေးပြီး ဘာသာရေးနယ်ပယ်က ကြီးစိုးတဲ့အနေအထား ရောက်သွားတဲ့ အခါမှာ တိုင်းပြည်ဟာ ဒီမိုကရေစီနဲ့ကိုက်ညီအောင် လုပ်လို့မရတာတွေ ရှိတယ်။ ဥပမာ- အယ်လ်ဂျီးရီးယားလို နိုင်ငံမျိုးတွေ ရှိခဲ့ဖူးတယ်´´
**ဦးပြုံးချို** - ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း။

``ပဋိပက္ခအသွင် ဆောင်နေတာကို ကျွန်မ မကြည့်နိုင်ပါဘူး။ ဆွေးနွေးငြင်းခုံခြင်းဖြင့် အဖြေမှန် ထွက်သွားစေချင်ပါတယ်´´
**ဒေါ်သန်းမြင့်အောင်** - စာရေးဆရာမ။

***Information links:***

[www.popularmyanmar.com](http://www.popularmyanmar.com)
[www.theyangontimes.com](http://www.theyangontimes.com)
[www.dvbdebate.net](http://www.dvbdebate.net)